# သာမန်ကာလ (၁၆) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၃း၂၄ - ၄၃

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ယေဇူးဘုရားရှင်က ပေါင်းပင်များပုံဥပမာကို မိန့်တော်မူပါတယ်။ လယ်ပိုင်ရှင်က သူ့လယ်ထဲမှာ ကောင်းတဲ့မျိုးစေ့တွေ ကြဲထားခဲ့ပြီး အိမ်ပြန်သွားနေတုံး ရန်သူက လာပြီး မကောင်းတဲ့တောမျိုးစေ့တွေ ထပ်ကြဲခဲ့ပါတယ်။ အပင်လေးတွေပေါက်လာတဲ့အခါ ကောင်းတဲ့ ဂျုံစပါးပင်တွေနဲ့အတူ တောရိုင်းပင်တွေ (ပေါင်းပင်တွေ)ပါ ပေါက်ရောက်နေတာကို တွေ့ရတဲ့အခါ အစေခံ အလုပ်သမားတွေက လယ်ပိုင်ရှင်ထံ လာပြောကြတယ်။ "ကောင်းတဲ့မျိုးစေ့တွေ ကြဲထားခဲ့တာ အခုတော့ မကောင်းတဲ့ပေါင်းပင်တွေက ဘယ်ကရောက်လာတာလဲ" လို့ မေးတဲ့အခါ "အဲဒါ ရန်သူရဲ့ လက်ချက်ဖြစ်တယ်" လို့ လယ်ပိုင်ရှင်က ဖြေလိုက်ပါတယ်။ "ဒါဆိုရင် ကျနော်တို့ ပေါင်းပင်တွေကို ရှင်းထုတ်လိုက်ရမလား" လို့ မေးတဲ့အခါ လယ်ပိုင်ရှင်က " နေပါစေ၊ ကောင်းတဲ့အပင်ရော၊ မကောင်းတဲ့အပင်ပါ အတူတူ ကြီးထွားပါလေးစေ။ ရိတ်သိမ်းချိန်ရောက်မှ မကောင်းတဲ့အပင်တွေကို သီးခြားခွဲထုတ်ပြီး မီးရှို့မယ်။ ကောင်းတဲ့အပင်တွေမှ ဂျုံစပါးတွေကို စပါးကျီထဲမှာ သိမ်းမယ်။" လို့ ပြောလိုက်ပါတယ်။

ဒီ ဥပမာပုံပြင်ကို ယေဇူးဘုရားရှင် ရှင်းပြတာက လယ်ကွင်းဆိုတာ ဟောဒီကမ္ဘာလောကကြီး ဖြစ်တယ်။ ကောင်းတဲ့မျိုးစေ့ကြဲတဲ့သူက တရားတော်ကို ဟောပြောတဲ့ယေဇူးဘုရားရှင် ဖြစ်တယ်။ မကောင်းတဲ့မျိုးစေ့ကို ကြဲတဲ့သူက နတ်ဆိုးဖြစ်တယ်။ ပေါက်လာတဲ့ပေါင်းပင်တွေက နတ်ဆိုးရဲ့သားများ ဖြစ်တယ်။ ရိတ်သိမ်းချိန်ဆိုတာက  ကမ္ဘာကုန်တဲ့အချိန် ဖြစ်တယ်။ ရိတ်သိမ်းတဲ့သူတွေက ကောင်းကင်တမန်တွေ ဖြစ်ကြတယ်။ မကောင်းတဲ့ပေါင်းပင်တွေကို မီးနဲ့ ရှို့သလို မကောင်းတဲ့သူတွေဟာ ငရဲရောက်မယ်၊ ကောင်းတဲ့သူတွေက ကောင်းကင်ဘုံရောက်မယ်လို့ ယေဇူးဘုရားရှင်က မိန့်တော်မူထားပါတယ်။

အဲဒီလို ဘုရားက တရားစီရင် ဆုံးဖြတ်ရာမှာ ဘုရားသခင်က မမှားနိုင်ပါဘူး။ ဘုရားသခင်က လူကို တရားစီရင်တဲ့အခါ အဲဒီလူရဲ့ တခါတလေ မှားမိတာကို ကြည့်ပြီး စီရင်ဆုံးဖြတ်တာ မဟုတ်ဘူး။ အဲဒီလူရဲ့ တစ်ဘဝလုံး ကျင့်ကြံခဲ့တာတွေ ခြုံကြည့်ပြီးတော့ အဲဒီလူရဲ့ စိတ်ထားအမှန်အတိုင်း တရားစီရင်တာပါ။ ဒီလူက ကောင်းအောင် ကြိုးစားနေတဲ့သူလား။ ရံဖန်ရံခါ အားနည်းလို့ အပြစ်ပြုမိပေမဲ့ စိတ်ထားရင်းက ကောင်းတာကို မြတ်နိုးတဲ့သူဆိုတာတွေ ဘုရားက ပိုသိတာပေါ့။ ဘုရားသခင်ရဲ့တရားမျှတခြင်းဟာ လူတွေရဲ့တရားမျှတခြင်းနဲ့ မတူပါဘူး။ လူတွေက ပြော ပြောနေတဲ့တရားမျှတခြင်းဆိုတာ တကယ်တမ်းကျတော့ ပြန်ဂလဲ့စားချေတာပါပဲ။ ဥပမာ လူတယောက်က တစ်ခြားလူတစ်ယောက်ကို ရိုက်နှက်ခဲ့တယ်ဆိုရင် ရိုက်နှက်ခဲ့လို့ ရတဲ့ဒဏ်ရာနဲ့ ညီလျော်တဲ့ ဒဏ်ငွေ (သို့မဟုတ်) ထောင်ဒဏ် ကျခံရတယ် မဟုတ်ဘူးလား။ ဒါမှ ခံရတဲ့လူနဲ့ လုပ်တဲ့လူ ညီမျှသွားမယ်လေ။ ဆိုလိုတာက "ငါ ခံရသလို မင်းလည်း ခံရစေမယ်" ဆိုပြီး ပြန်လုပ်တာနဲ့ ဘာထူးလို့လဲ။

ဘုရားရဲ့တရားမျှတခြင်းကျတော့ လူလို လုပ်တဲ့လူနဲ့ ခံရသူ ညီမျှသွားအောင် ဒဏ်ပေးလိုက်တာမျိုး မဟုတ်ပဲနဲ့ အပြစ်လုပ်တဲ့လူနဲ့ ခံရတဲ့ဘုရား တရားမျှတ ညီမျှသွားအောင် လူဘက်က နောင်တရပြီး ဘုရားဘက်က ခွင့်လွှတ်မယ်။ ဒါနဲ့ နှစ်ဦးနှစ်ဘက် ပြန်လည်သင့်မြတ်ကြေအေးသွားတာမျိုး ဖြစ်ပါတယ်။ ဘုရားရဲ့တရားမျှတခြင်းက ယေရှုဘုရားရှင် အခုမိန့်တော်မူတဲ့ ဥပမာပုံပြင်ထဲမှာ ထင်ရှားပါတယ်။ ဥပမာပုံပြင်ထဲမှာ အလုပ်သမားတွေက "ပေါင်းပင်တွေကို အခုချက်ချင်း ရှင်းထုတ်ပစ်လိုက်ရမလား" လို့ မေးတဲ့အခါ လယ်ပိုင်ရှင်က အခုချက်ချင်း ရှင်းမထုတ်စေပဲ ကောင်းတဲ့အပင်တွေနဲ့အတူတူ ရှင်သန်စေပါတယ်။ ဒီလိုပဲ ဘုရားသခင်က မကောင်းတဲ့လူတွေကို အချိန်ပေးပြီး သူတို့ရဲ့ဝိညာဉ်ရေး တိုးတက်လာစေဖို့ လိုလားပါတယ်။ ဒါကြောင့် ယေဇကျေလ ၃၃း၁၁ မှာ ထာဝရဘုရား မိန့်တော်မူသည်ကား ငါအသက်ရှင်သည့်အတိုင်း ဆိုးသောသူ၏သေခြင်းကို ငါနှစ်သက်သည် မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်စေရန်သာ ငါနှစ်သက်၏။

ဒါကြောင့် ဘုရားသခင်က ဆိုးတဲ့လူတွေကို နောင်တရစေဖို့၊ ဝိညာဉ်ရေးမှာ တိုးတက်လာစေဖို့ အချိန်ပေးပါတယ်။ ကျေးဇူးတော်ပေးပါတယ်။ ဆိုးတဲ့သူတွေကို စံနမူနာကောင်း ပြစေဖို့ ကောင်းတဲ့သူတွေကို သူတို့နဲ့ အတူတူ ထားပေးပါတယ်။ ဆိုးတဲ့သူတွေနဲ့ အတူတူ အသက်ရှင်နေကြတဲ့ လူကောင်းတွေကလည်း လောကရဲ့ဆား၊ လောကရဲ့အလင်းအဖြစ်နဲ့ ဆိုးတဲ့သူတွေကို လမ်းပြခေါ်ဆောင်ပေးစေဖို့ ဘုရားက စီစဉ်တာပါ။

ကျနော်တို့ လူတွေရဲ့ဆန္ဒကတော့ ပုံပြင်ထဲက အလုပ်သမားတွေလိုပဲ မကောင်းတဲ့သူတွေကို ချက်ချင်း ရှင်းထုတ်ပစ်ချင်ကြတယ်။ မကောင်းတဲ့လူ၊ ယုတ်မာတဲ့လူဆိုရင် ချက်ချင်း သေစေချင်ကြတယ်။ ချစ်တတ်တဲ့ဘုရားကတော့ သူတို့ နောင်တရစေဖို့ အခွင့်အရေး ပေးတယ်။ အချိန်ပေးတယ်။ ကျေးဇူးတော်ပေးတယ်။ အခုလောလောဆယ်မှာ ဆိုးနေတဲ့လူတွေဟာ တစ်နေ့ ကောင်းလာတဲ့လူတွေ ဖြစ်လာနိုင်တယ်လေ။ ဒါကြောင့် ဘုရားသခင်က လူကို လွတ်လွတ်လပ်လပ် ရွေးချယ်ဆုံးဖြတ်ခွင့် ပြုထားတာပါ။ သင်က ဘုရားရဲ့တရားတော်အတိုင်း ကောင်းတဲ့လမ်းကို လိုက်မလား၊ ဒါမှမဟုတ် ဆိုးတဲ့လမ်းကို လိုက်မလား ရွေးချယ်နိုင်ပါတယ်။ မကောင်းမှု အပြစ်ဒုစရိုက်ကို လုပ်မှာလား(သို့မဟုတ်) ရှောင်မှာလား သင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။

ခရစ်ယာန် တစ်ချို့က ဆေးကြောခြင်းခံပြီး ခရစ်ယာန်ဘာသာဝင် ဖြစ်လာကြပေမဲ့ ခရစ်တော်ရဲ့နောက်လိုက်ကောင်း တပည့်တော် ဖြစ်လာဖို့ မကျိုးစားချင်ကြဘူး။ ကိုယ်စိုက်ခဲ့တဲ့အတိုင်း ကိုယ်က ပြန်ရိတ်သိမ်းရလိမ့်မယ်နော်။ သင့်ဘဝမှာ ဘယ်လိုကျင့်ကြံနေထိုင်ခဲ့သလဲ။ ကောင်းတဲ့မျိုးစေ့တွေဖြစ်တဲ့ ဘုရားရဲ့နှုတ်တော်ထွက်စကားအတိုင်း ရှင်သန်ခဲ့ရဲ့လား။

ကျနော်တို့ နှလုံးသားထဲမှာ ကောင်းတဲ့အကျင့်နဲ့ မကောင်းတဲ့အကျင့် အတူတူ ကြီးပြင်းလာရတဲ့အခါ ကောင်းတဲ့အကျင့်ပဲ အကျင့်ပါ ပါစေ။ မကောင်းတဲ့အကျင့်ကို အကျင့်ပါအောင် မလုပ်ပဲထားရင် မကောင်းတဲ့ဟာ ပျောက်သွားမှာပါ။ ကောင်းတဲ့အကျင့်ကိုသာ စွဲစွဲမြဲမြဲ ကျင့်ဆောက်တည်ပါ။ အဲဒီလို အကျင့်ပြောင်းလဲဖို့ဆိုတာ ကိုယ့်စွမ်းအားနဲ့ မတတ်နိုင်ပါဘူး။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ရောမသြဝါဒ ၈း ၂၆ မှာ ဝိညာဉ်တော်သည် ငါတို့၏အားနည်းချက်ကို ကူညီစောင်မတော်မူ၏။ လို့ ဆိုထားတဲ့အတိုင်း ကျနော်တို့ လူ့သဘာဝအတိုင်း

ဘယ်လောက်အားနည်းနေပါစေ၊ ကောင်းတဲ့အကျင့်ကို နှစ်သက်လာတဲ့စိတ်ထားတွေကို ဝိညာဉ်တော်ဘုရားက ပေးသွင်းနိုင်ပါတယ်။ ဒီလိုပဲ မကောင်းတဲ့အကျင့်တွေကို မကြိုက်တော့တဲ့စိတ်ထားတွေကိုလည်း ဝိညာဉ်တော်ဘုရားမှ ဖြစ်ပေါ်စေနိုင်ပါတယ်။ ပေါင်မုန့်ဖုတ်တဲ့ဂျုံတွေကို ဖောင်းကြွစေဖို့ တဆေးကို ထည့်ရပါတယ်။ တဆေးကြောင့် ဂျုံမှုန့်တွေ ဖောင်းကြွလာစေသလို ကျနော်တို့ရဲ့ မကောင်းတဲ့ဘက် ကိုင်းရှိုင်းတဲ့စိတ်ထားကိုလည်း ဝိညာဉ်တော်ဘုရားရဲ့တန်ခိုးတော်ကြောင့် ပြုပြင်ပြောင်းလဲစေနိုင်ပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။